ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၁) အမှတ်(၁)    ၂၀၂၃ ခုနှစ်၊ မေလ ၁၅ ရက်

မာတိကာစဉ်

| | | |
|---|---|---|
| ၁။ | ဥပဒေရေးရာဝန်ကြီးဌာန၏ သဘာဝဘေးအန္တရာယ် မကျရောက်မီ နှင့် ကျရောက်ပြီးနောက် ဆောင်ရွက်ထားရှိသည့်အခြေအနေများ | ၂-၃ |
| ၂။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ဖော်ပြလျက်ရှိသော ဥပဒေအသစ်များအကြောင်း သိကောင်းစရာ | ၄-၅ |
| ၃။ | ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်များအတွက် တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာများအကြောင်း သိကောင်းစရာ | ၆-၇ |
| ၄။ | အိန္ဒိယဗဟိုတရားရုံးချုပ်-လိင်တူအချင်းချင်း လက်ထပ်ထိမ်းမြားခြင်း (Same-Sex Marriage)နှင့်စပ်လျဉ်း၍ကြားနာခြင်း | ၈-၉ |
| ၅။ | တန်ပြန်ထောက်လှမ်းခြင်းဥပဒေကျယ်ပြန့်လာခြင်းကို တရုတ်နိုင်ငံကထောက်ခံခြင်း | ၁၀ |
| ၆။ | ကလေးသူငယ်များ လူမှုကွန်ရက်မီဒီယာအသုံးပြုမှုအပေါ် ဥပဒေဖြင့်အကာအကွယ်ပေးခြင်း | ၁၁-၁၂ |

## ဥပဒေရေးရာဝန်ကြီးဌာန၏ သဘာဝဘေးအန္တရာယ် မကျရောက်မီ နှင့် ကျရောက်ပြီးနောက် ဆောင်ရွက်ထားရှိရမည့်အခြေအနေများ

ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် လတ်တလောကြုံတွေ့လာနိုင်သည့် ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းမှ ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ် (Depression) အဖြစ်မှ ဆိုက်ကလုန်းမုန်တိုင်း(Cyclonic Storm)အဖြစ်သို့ရောက်ရှိနိုင်ပြီး အဆိုပါ "မိုခါ"မုန်တိုင်းသည် မေလ ၉ ရက်နေ့မှ မေလ ၁၂ ရက်နေ့အတွင်း ဘင်္ဂလားဒေ့ရှ်နှင့်မြန်မာကမ်းရိုးတန်း သို့ရွေ့လျားနိုင်သည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ထားချက်အပေါ် သဘာဝဘေးအန္တရာယ် မကျရောက်မီ စီစဉ်ဆောင်ရွက်ရမည့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို အချိန်နှင့်တပြေးညီ စီစဉ်ဆောင်ရွက်ထားပါသည်။ ထို့ပြင် မုန်တိုင်းကျရောက်ချိန်နှင့် မုန်တိုင်းကျရောက်ပြီးနောက် ဆောင်ရွက်ရမည့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ဌာနရှိ ဝန်ထမ်းများပါဝင်သောအဖွဲ့များကို ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နှင့် နေပြည်တော်ကောင်စီတို့၏လမ်းညွှန်ချက်၊ မှာကြားချက်များ၊ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာနိုင်သည့် ပျက်စီးဆုံးရှုံးမှုများကို လျော့ပါးနိုင်သမျှ လျော့ပါးရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၃ ပါ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုစီမံချက်ဖြစ်သော ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ၊ အရေးပေါ်တုန့်ပြန်မှုလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများကို လုပ်ငန်းအစီအစဉ်များချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

သဘာဝဘေးအန္တရာယ်မကျရောက်မီ ဘေးအန္တရာယ်လျော့ပါးရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်မှုလုပ်ငန်းများဖြစ်သော ဦးစားပေးအဆင့်သတ်မှတ်ဆောင်ရွက်ခြင်း၊ ကြိုတင်သတိပေးစနစ်များ တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊ မိမိတို့တတ်ထားသည့် အတတ်ပညာ၊ ဗဟုသုတများကို အသုံးပြုပြီး ဘေးအန္တရာယ်လျော့ပါးစေရန် ဆောင်ရွက်ခြင်းတို့ကို ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် သဘာဝဘေးအန္တရာယ်ကို ထိရောက်စွာရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများအနေဖြင့် ဌာနဆိုင်ရာကားများ သစ်ပင်၊ ဓာတ်တိုင်လွတ်ကင်းရာတွင် ရပ်ထားရန် လမ်းညွှန်မှုများပြုထားပါသည်။ အရေးပေါ်ဆောင်ရွက်ရမည့် စီမံချက်များရေးဆွဲခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာဗဟုသုတများကို ဝန်ထမ်းများသိရှိစေရန် အသိပေးပြောကြားခြင်း၊ ကြိုတင်သတိပေးစနစ်များ ထားရှိဆောင်ရွက်စေခြင်း၊ သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများတွင် ဝန်ထမ်းများအားလုံး တက်ကြွစွာ

ပါဝင်လာစေရန်လမ်းညွှန်ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက်နှင့်အညီ စီစဉ်ဆောင်ရွက်ထားလျက်ရှိပါသည်။

ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

# မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ဖော်ပြလျက်ရှိသော ဥပဒေအသစ်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနသည် ဥပဒေသတင်းအချက်အလက်များကို ပြည်သူများလွယ်ကူစွာရှာဖွေကြည့်ရှုနိုင်ရန်အလို့ငှာ မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)ဝန်ဆောင်မှုကို ဆောင်ရွက်လျက်ရှိပါသည်။

ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မေလ ၁၁ ရက်နေ့ နှင့် ၁၂ ရက်နေ့တို့တွင်ပြဋ္ဌာန်းခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၄၉/၂၀၂၃ လက်နက်ဥပဒေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၅၀/၂၀၂၃ ပုဂ္ဂလိကပညာရေးဥပဒေ နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ်၊ ၃၁/၂၀၂၃ တို့ကို အများပြည်သူများလွယ်လင့်တကူကြည့်ရှုနိုင်ရန် မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

ဥပဒေအမှတ်၊ ၄၉/၂၀၂၃ ဖြင့်ပြဋ္ဌာန်းသည့် လက်နက်ဥပဒေတွင် ယခင်ပြဋ္ဌာန်းခဲ့သော The Arms Act (India Act XI, 1878)၊ ၁၉၄၉ ခုနှစ်၊ လက်နက်(အရေးပေါ်ပြစ်ဒဏ်စီရင်မှု)(ယာယီ)အက်ဥပဒေ၊ ၁၉၄၉ ခုနှစ်၊ လက်နက် (အရေးပေါ်ပြစ်ဒဏ်စီရင်မှု)တချက်လွှတ်ဥပဒေ၊ The Arms (Temporary Amendment) Act (Act LI, 1951) နှင့် The Shan States Arms Order, 1924 အမိန့်တို့ကို ယခုဥပဒေဖြင့်ရုပ်သိမ်းခဲ့ပါသည်။ ရုပ်သိမ်းခဲ့သော လက်နက်ဥပဒေများတွင် အချို့ဥပဒေများသည် မြန်မာနိုင်ငံအတွင်းဒေသအချို့တွင်သာအာဏာသက်ရောက်ပြီး တစ်နိုင်ငံလုံးတွင်အာဏာသက်ရောက်မှုမရှိခဲ့ပါ။ ယခုပြဋ္ဌာန်းသောလက်နက်ဥပဒေသည် မြန်မာနိုင်ငံတစ်ဝှမ်းလုံး အာဏာသက်ရောက်သည့်ဥပဒေဖြစ်ပါသည်။

ပုဂ္ဂလိကပညာရေးဥပဒေတွင် ယခင်ပြဋ္ဌာန်းခဲ့သော ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ (၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄)ကို ရုပ်သိမ်းထားပါသည်။ ပုဂ္ဂလိကပညာရေးဥပဒေပြဋ္ဌာန်းသည့် အခြေခံမူများတွင် ပညာရေးနယ်ပယ်အသီးသီး၌ ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံတကာပူးပေါင်းပါဝင်ဆောင်ရွက်မှုမြင့်တင်ရေး၊ နိုင်ငံတကာအသိအမှတ်ပြုပြီး အရည်အသွေး အာမခံချက်ရှိသည့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများပေါ်ထွက်လာရေး ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းတွင် သင်ယူသူများ၏အခွင့်အရေးမဆုံးရှုံးစေရန် နှင့် ကျောင်းသားမိဘများ၏ နစ်နာဆုံးရှုံးမှုမရှိစေရန် ဥပဒေနှင့်အညီကာကွယ်စောင့်ရှောက်ရေး စသည့်အခြေခံမူများ ထည့်သွင်းပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ်၊ ၃၁/၂၀၂၃ ထုတ်ပြန်ချက်ကိုလည်း အများပြည်သူအလွယ်တကူကြည့်ရှုနိုင်ရန် မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် အချိန်နှင့်တပြေးညီ ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။ ယင်းထုတ်ပြန်ချက်တွင် လျှပ်စစ်သုံးယာဉ်များအသုံးပြုမှုနှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန်တို့အတွက် ပြည်ပမှ Completely Built Up – CBU စနစ်၊ Completely Knocked Down – CKD စနစ် နှင့် Semi-Knocked Down–SKD စနစ်တို့ဖြင့် တင်သွင်းသည့် ဘက်ထရီလျှပ်စစ်သုံးယာဉ် (Battery Electric Vehicle–BEV) အမျိုးအစားများ၊ ဆက်စပ်ပစ္စည်းများ၊ အပိုပစ္စည်းများနှင့်စပ်လျဉ်း၍ မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ တွင်သတ်မှတ်ထားသော အကောက်ခွန်နှုန်းများကို သုညရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်လိုက်သည်ဟု အကောက်ခွန်နှုန်းလျှော့ချချက်ကို ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်များအတွက် တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာများအကြောင်း သိကောင်းစရာ

မြန်မာနိုင်ငံတွင် ဉာဏပစ္စည်းမူပိုင်ခွင့်များကာကွယ်ပေးရန် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေတို့ကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ ထိုဥပဒေများသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၃) ဖြင့် ပြဋ္ဌာန်းခဲ့သည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေသည် ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့တွင် အာဏာတည်ခဲ့ပြီး ဖြစ်ပါသည်။

မူပိုင်ခွင့် **(Intellectual Property Rights)** ဆိုသည်မှာ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ပြုလုပ်သောတီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရပေးအပ်သည့် အခွင့်အရေးကိုဆိုပါသည်။ ယင်းစကားရပ်တွင် စာပေနှင့်အနုပညာမူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်နှင့် အခြားသောမူပိုင်ခွင့် အမျိုးအစားများလည်း ပါဝင်ပါသည်။ **[ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပုဒ်မ ၂ (ဈ)]**

မူပိုင်ခွင့်ဆိုင်ရာအငြင်းပွားမှုများကိုတရားစွဲဆိုခြင်းဖြင့် ဖြေရှင်းဆောင်ရွက်ရာတွင် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုနိုင်မည်ဖြစ်ပြီး ထိုအမှုများကို မူပိုင်ခွင့်တရားရုံးများက စီရင်ပိုင်ခွင့်ရှိမည်ဖြစ်ပါသည်။ မူပိုင်ခွင့်တရားရုံးဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်ရန် ဥပဒေအရတည်ထောင်သော တရားရုံး သို့မဟုတ် မူပိုင်ခွင့်ရုံး၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းထားသည့် တရားရုံးကို ဆိုပါသည်။ **[ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၂ (ပ)]**

မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ တရားစွဲဆိုမှုများကို စစ်ဆေးစီရင်ရန် သင့်လျော်သော နယ်မြေဒေသတွင် မူပိုင်ခွင့်တရားရုံးများ တည်ထောင်၍ တရားသူကြီးများခန့်ထားနိုင်သည်။ **[ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေပုဒ်မ ၆၇ (က)]**

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ တရားမကြောင်းအရ တရားစွဲဆိုမှုများအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်ကြော်ငြာစာအမှတ် ၂၃၈/၂၀၂၃ ဖြင့် ကျောက်တံတားခရိုင်တရားရုံးအား ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပါ မူပိုင်ခွင့် အခွင့်အရေးချိုးဖောက်ခြင်းနှင့်စပ်လျဉ်းသည့်

တရားမကြောင်းအရ စွဲဆိုမှုများ၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၇၇(က)အရ ယာယီ အရေးယူဆောင်ရွက်ပေးရန် လျှောက်ထားမှုများကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ **တရားမမူလမှု** စီရင်ပိုင်ခွင့်အာဏာများကိုလည်းကောင်း၊ အမိန့်ကြော်ငြာစာအမှတ် ၂၃၉/၂၀၂၃ ဖြင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၆၇(ဃ) အရ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်အား မူပိုင်ခွင့်တရားရုံးများက တရားမမှုများတွင်ချမှတ်သော စီရင်ချက်၊ အမိန့်နှင့်ဆုံးဖြတ်ချက်များအပေါ် **အယူခံ၊ ပြင်ဆင်မှုများ** ကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများကိုလည်းကောင်း အပ်နှင်းထားပါသည်။

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်ရယူနိုင်ရန် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ အခန်း (၈)၊ ပုဒ်မ ၁၅ မှ ပုဒ် ၁၇ ထိ ပြဋ္ဌာန်းချက်များနှင့်အညီ ကုန်အမှတ်တံဆိပ်များအား မှတ်ပုံတင်လျှောက်ထားရမည်ဖြစ်ပြီး ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၁၀၃ အရ ယင်းဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်ထားပါသည်။

ကုန်အမှတ်တံဆိပ်များကိုအကာအကွယ်ပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ကာ အမှတ်တံဆိပ်ပိုင်ရှင်နှင့် အခွင့်အရေးရရှိသူတို့၏ အကျိုးစီးပွါးကို ကာကွယ်ပေးနိုင်မည်ဖြစ်ပါသည်။

တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

## အိန္ဒိယဗဟိုတရားရုံးချုပ်- လိင်တူအချင်းချင်း လက်ထပ်ထိမ်းမြားခြင်း (Same–Sex Marriage) နှင့်စပ်လျဉ်း၍ ကြားနာခြင်း

၂၀၁၉ ခုနှစ်တွင် အမျိုးသမီးနှစ်ဦးက ၎င်းတို့၏ လက်ထပ်ထိမ်းမြားခြင်းကို အိန္ဒိယနိုင်ငံ၏ အထူးလက်ထပ်ထိမ်းမြားခြင်းအက်ဥပဒေအရခွင့်ပြုနိုင်ရန် အသနားခံစာလျှောက်ထားခြင်းအပါအဝင် အိန္ဒိယနိုင်ငံတွင် လိင်တူအချင်းချင်းလက်ထပ်ထိမ်းမြားခြင်းကို ဥပဒေအရခွင့်ပြုရန် အကြိမ်ပေါင်းများစွာ ကြိုးပမ်းအားထုတ်ခဲ့ရသည်။ သို့သော်လည်း တရားရုံးက ထိုသို့အသနားခံလျှောက်ထားခြင်းကို ငြင်းဆိုပြီး လိင်တူအချင်းချင်း တရားဝင်လက်ထပ်ထိမ်းမြားခွင့်ရရှိအတွက် ဥပဒေပြုအာဏာပိုင်အဖွဲ့မှ ဆောင်ရွက်ရန်အကြံပြုခဲ့သည်။

အိန္ဒိယနိုင်ငံတွင် လိင်တူစုံတွဲများကို မှတ်ပုံတင်၍လက်ထပ်ထိမ်းမြားခြင်းဖြစ်စေ၊ ဓလေ့ထုံးတမ်းအရ ထိမ်းမြားခြင်းဖြစ်စေ ခွင့်ပြုထားခြင်းမရှိပေ။ အိန္ဒိယနိုင်ငံ ရာဇသတ်ကြီး ပုဒ်မ ၃၇၇ တွင် လိင်တူအချင်းချင်းအကြား မိမိအလိုအလျောက် ကာမစပ်ယှက်ခြင်းပြုလုပ်ပါက ပြစ်မှုမြောက်သည်ဟု ပြဋ္ဌာန်းခြင်းအပေါ် ၂၀၁၈ ခုနှစ်၊ အိန္ဒိယနိုင်ငံဗဟိုတရားရုံးချုပ်က လိင်တူအချင်းချင်း လက်ထပ်ထိမ်းမြားနိုင်ရန် ဥပဒေအရအခွင့်မရှိ သို့မဟုတ် အိန္ဒိယ လူမှုအသိုင်းအဝိုင်းသို့ ဝင်ရောက်ခွင့်မပြုဟု ထောက်ခံထားသည်။

အိန္ဒိယနိုင်ငံတွင် လိင်တူအချင်းချင်း လက်ထပ်ထိမ်းမြားမည်ဆိုပါက ဥပဒေအရ လိင်ကွဲများ လက်ထပ်ထိမ်းမြားသကဲ့သို့ အကျိုးခံစားခွင့် နှင့် ဥပဒေအရ အသိအမှတ်ပြုခံရခွင့်ရှိမည် မဟုတ်ပေ။

သို့သော်လည်း ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ အိန္ဒိယနိုင်ငံဗဟိုတရားရုံးချုပ်၏ ဆုံးဖြတ်ချက်အရ လိင်တူစုံတွဲများသည် လက်မထပ်ဘဲအတူနေထိုင်သူများကဲ့သို့ အခွင့်အရေးနှင့် အကျိုးခံစားခွင့်များ ရရှိနိုင်သည်။

မကြာသေးမီအချိန်က အိန္ဒိယနိုင်ငံဗဟိုတရားရုံးချုပ်က လိင်တူအချင်းချင်း လက်ထပ်ထိမ်းမြားခြင်းကို ဥပဒေအရခွင့်ပြုရန်အတွက်လျှောက်ထားသော အသနားခံစာလျှောက်လွှာနှင့်စပ်လျဉ်း၍ နောက်ဆုံးလျှောက်လဲချက်ကြားနာရန် ဆုံးဖြတ်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် တရားသူကြီး ၃ ဦး ပါဝင်သောခုံရုံးသည် ပြီးပြတ်မှုမရှိသေးသော အသနားခံစာ လျှောက်ထားလွှာအမှု ၉ ခုကို Delhi နှင့် Kerala မြို့ရှိ High Court သို့လွှဲပြောင်းခဲ့ပြီး ၂၀၂၃ ခုနှစ်၊ မတ်လတွင် CJI DY Chandrachud ဦးဆောင်အဖွဲ့က တရားသူကြီး ၅ ဦးပါဝင်သော ခုံရုံးသို့ အမှုတွဲအား လွှဲပြောင်းပေးခဲ့ပါသည်။

အများပြည်သူလူထုမှ ကောက်ခံရရှိသော အချက်အလက်များအရ အဆိုပါကိစ္စသည် အိန္ဒိယနိုင်ငံ၏ ၂.၅ သန်းသော လိင်တူစုံတွဲများနှင့် အိန္ဒိယလူထုအတွက် ထင်ရှားသောကိစ္စ ဖြစ်လာခဲ့ပါသည်။ ဗဟိုတရားရုံးချုပ်က အသနားခံစာလျှောက်လွှာစီရင်ချက်အပေါ် အလေးပေး ဆုံးဖြတ်မည်ဆိုပါက အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ၃၅ နိုင်ငံမြောက် လိင်တူထိမ်းမြားလက်ထပ်ခြင်းကို တရားဝင်အသိအမှတ်ပြုသည့်နိုင်ငံ ဖြစ်လာမည်ဖြစ်ပါသည်။

ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန

(India Today သတင်းအရင်းအမြစ်) ဥပဒေရေးရာဝန်ကြီးဌာန

# တန်ပြန်ထောက်လှမ်းခြင်းဥပဒေ ကျယ်ပြန့်လာခြင်းကို တရုတ်နိုင်ငံက ထောက်ခံခြင်း

တရုတ်နိုင်ငံ၏ဥပဒေပြုသူများသည် ဘေကျင်း၏ပြည့်စုံကျယ်ပြန့်သည့်တန်ပြန်ထောက်လှမ်းခြင်း ဥပဒေကို ဧပြီလ ၂၆ ရက်နေ့(ဗုဒ္ဓဟူးနေ့)တွင် ခေတ်နှင့်အညီပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေတွင် အမျိုးသားလုံခြုံရေးနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်လွှဲပြောင်းခြင်းကို တားဆီးနိုင်ရန် စုံစမ်းထောက်လှမ်းခြင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ချဲ့ထွင်ထားပါသည်။

တရုတ်နိုင်ငံ၏ ထိပ်တန်းဥပဒေပြုအဖွဲ့က ၂၀၁၄ ခုနှစ်ကတည်းက ပြဋ္ဌာန်းခဲ့သည့် တန်ပြန်ထောက်လှမ်းခြင်းဥပဒေကို ပထမအကြိမ် ခေတ်နှင့်အညီ ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး ၃ ရက်တာ စဉ်းစားဆင်ခြင်ကာ ယခုအခါ ဇူလိုင်လ ၁ ရက်နေ့တွင် စတင်အကျိုးသက်ရောက်မည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနက ဆိုပါသည်။

သမ္မတရှီကျင့်ဖျင်က ၂၀၁၂ ခုနှစ်၊ သမ္မတအဖြစ်တာဝန်ထမ်းဆောင်ချိန်မှစ၍ အမျိုးသားလုံခြုံရေးကို ၎င်း၏စီမံအုပ်ချုပ်ရေးတွင် အဓိကသော့ချက်အဖြစ်ထားရှိပြီး ဆန်းစစ်သူများက ဤပြန်လည်စိစစ်ခြင်းများသည် အမေရိကန်ပြည်ထောင်စုနှင့်မဟာမိတ်နိုင်ငံများ အင်အားကြီးမားလာခြင်းကို သက်ာမကင်းဖြစ်လာမှုအပေါ် ပို၍တင်းကြပ်သည့်အုပ်ချုပ်မှုစနစ်၏ သက်သေများဖြစ်ကြောင်း ဆိုပါသည်။

ဗုဒ္ဓဟူးနေ့တွင် ရှင်ဟွားသတင်းဌာနကထုတ်ပြန်ထားသည့် ပြန်လည်စိစစ်ထားသည့် ဥပဒေစာသားအပြည့်အစုံအရ အမျိုးသားလုံခြုံရေး၊ အကျိုးစီးပွားနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများ၊ အချက်အလက်များ၊ ပစ္စည်းများနှင့်ကိစ္စများကို နိုင်ငံ၏လျှို့ဝှက်ချက်ကဲ့သို့ တူညီသောကာကွယ်မှုပေးပါသည်။

ဤဥပဒေသည် တရုတ်နိုင်ငံ၏ အမျိုးသားလုံခြုံရေးနှင့်အကျိုးစီးပွားများတွင် ပါဝင်သည့်အကြောင်းကို အဓိပ္ပါယ်ဖွင့်ဆိုခြင်းမဟုတ်ဘဲ နိုင်ငံ၏ ယန္တရားများနှင့် အရေးပါသောသတင်းအချက်အလက်များပါဝင်ဖွဲ့စည်းထားသည့် အစိတ်အပိုင်းများကို ဆန့်ကျင်သည့် ဆိုက်ဘာတိုက်ခိုက်ခြင်းပါဝင်သည့် ထောက်လှမ်းခြင်း အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ချဲ့ထွင်ထားခြင်းဖြစ်ပါသည်။

ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန

(CNB သတင်းအရင်းအမြစ်) ဥပဒေရေးရာဝန်ကြီးဌာန

## ကလေးသူငယ်များ လူမှုကွန်ရက်မီဒီယာ အသုံးပြုမှုအပေါ် ဥပဒေဖြင့်အကာအကွယ်ပေးခြင်း

Meta (Facebook)၊ Messenger၊ Twitter၊ Instagram၊ TikTok၊ Youtube စသည့် လူမှုကွန်ရက်မီဒီယာများသည် အသုံးပြုသူများ၏ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေး ညီမျှဝေနိုင်ပြီး ယင်းတို့၏ လူမှုဆက်ဆံရေး ကွန်ရက်ကိုချဲ့ထွင်ချိတ်ဆက်ပေးနိုင်သည့် online digital platforms များဖြစ်ပါသည်။ သို့ရာတွင် ယင်းလူမှုကွန်ရက်မီဒီယာများမှတစ်ဆင့် သတင်းမှားများ ဖြန့်ချိခြင်း၊ ငွေကြေးဆိုင်ရာ လိမ်လည်မှုများကျူးလွန်ခြင်း၊ အမုန်းစကားများဖြန့်ချိခြင်း၊ လူပုဂ္ဂိုလ် ဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ လိင်ပိုင်းဆိုင်ရာကိစ္စများအတွက် အသုံးပြုခြင်း၊ အနိုင်အထက်ပြု ခြိမ်းခြောက်ခြင်း စသည့်လွဲမှားသော အသုံးပြုမှုများကို ပြုလုပ်လာကြပါသည်။ လူမှုကွန်ရက်မီဒီယာ ကုမ္ပဏီများသည် အဆိုပါလွဲမှားသောအသုံးပြုမှုများကို ထိန်းချုပ်နိုင်ရေးအတွက် လူမှုကွန်ရက် အသုံးပြုခြင်းဆိုင်ရာ စံနှုန်းများသတ်မှတ်ပြဋ္ဌာန်း၍ ထိန်းကျောင်းမှုများ ဆောင်ရွက် နေပါသည်ဟု ပြန်လည်ဖြေရှင်းကြသော်လည်း ၎င်းတို့၏ ကိုယ်ကျိုးစီးပွားကိုဦးစားပေး ဆောင်ရွက် လျက်ရှိပြီး အသုံးပြုသူများ၏ သတင်းအချက်အလက်လုံခြုံရေးနှင့် အန္တရာယ်ကင်းရှင်းရေးအတွက် အကာအကွယ်ပေးရမည့်ကိစ္စရပ်များကိုလျစ်လျူရှုခဲ့ကြောင်း Meta (Facebook)တွင် မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ Frances Haugen က ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလအတွင်း ကျင်းပသည့် အမေရိကန်ကွန်ကရက် ကြားနာမှု၌ ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပါသည်။

အမေရိကန်နိုင်ငံတွင် ၁၃ နှစ်မှ ၁၇ နှစ်ကြား ကလေးသူငယ် ၉၀ ရာခိုင်နှုန်းသည် လူမှုကွန်ရက် မီဒီယာ တစ်ခုခုကို အသုံးပြုနေကြောင်းနှင့် ကလေးသူငယ် ၇၅ ရာခိုင်နှုန်းတွင် လူမှုကွန်ရက်မီဒီယာ account တစ်ခုခုရှိကြောင်း ၂၀၂၃ ခုနှစ် သုတေသနပြုလုပ်မှု ရလဒ်များအရ သိရှိရပါသည်။ ထိုသို့ လူမှုကွန်ရက်မီဒီယာများကို ကလေးသူငယ်များစွဲလန်းကာ အလွန်အကျွံအသုံးပြုလာသဖြင့် ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာထိခိုက်နစ်နာမှုများဖြစ်ပေါ်လာသကဲ့သို့ မိဘအုပ်ထိန်းသူများ အတွက်လည်း မိမိတို့၏ သားသမီးများကိုအုပ်ထိန်းရာတွင် အခက်အခဲများနှင့်တွေ့ကြုံလာရပါသည်။

ထို့ကြောင့် အသက် ၁၈ အောက်ကလေးသူငယ်များ၏ လူမှုကွန်ရက် အသုံးပြုခြင်း အပေါ် ထိန်းချုပ်အကာအကွယ်ပေးနိုင်ရန် အမေရိကန်နိုင်ငံ၊ ယူတာပြည်နယ်(Utah State) တွင် the Social Media Regulation Acts (SB 152 and HB 311) ကို ၁-၃-၃၀၂၃ ရက်နေ့တွင် ပထမဆုံးပြဋ္ဌာန်း ခဲ့ကြောင်းတွေ့ရှိရပြီး ယင်းဥပဒေများသည် ၁-၃-၂၀၂၄ ရက်နေ့တွင် စတင်အာဏာသက်ရောက်မည် ဖြစ်ပါသည်။ အဆိုပါဥပဒေပြဋ္ဌာန်းချက်များတွင် လူမှုကွန်ရက်မီဒီယာကုမ္ပဏီများသည် မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိမှသာ အသက် ၁၈ နှစ်အောက် ကလေးသူငယ်များကို အသုံးပြုခွင့် ( account ဖွင့်ခွင့် )

ပြုရန်၊ ကလေးသူငယ်များထံသို့ စီးပွားရေးဆိုင်ရာ ကြော်ငြာများ (advertisements) ပေးပို့ခြင်းမပြုရန်၊ ကလေးသူငယ်များ၏ ကိုယ်ရေးသတင်းအချက်အလက်များကို အခြားသူများထံသို့ မျှဝေခြင်းနှင့် ဖြန့်ချိခြင်း (Sharing and Distribution)မပြုရန်၊ မိဘအုပ်ထိန်းသူ၏ခွင့်ပြုချက်မရှိဘဲ ကလေးသူငယ်များကို ည ၁၀:၃၀ အချိန်မှ နံနက် ၆:၃၀ နာရီအထိ အသုံးပြုခွင့်ပိတ်ထားရန်၊ ကလေးသူငယ်များ၏ အသုံးပြုချင်စိတ်ကို နိုးဆွသည့် သို့မဟုတ် ဆွဲဆောင်သည့် Software ပုံစံရေးသားခြင်း (Child addiction Software design feature)မပြုရန်နှင့် ကလေးသူငယ်များ၏ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကိုထိခိုက်စေသည့်သတင်းအချက်အလက်များကို အကာအကွယ်ပေးရန် စသည့်အချက်များ ပါဝင်ကြောင်း တွေ့ရှိရပါသည်။

**ကိုးကားချက်များ**

- BBC News (24 March 2023)https://www.bbc.com/news/world-us-canada-65060733
- Teenage Use of Social Media Statistics in 2023 https://increditools.com/teenage-use-of-social-media-statistics/
- Statement of Frances Haugen (Whisleblower) https://www.commerce.senate.gov/ services/files/FC8A558E-824E-4914-BEDB-3A7B1190BD49

ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန